မြန်မာနိုင်ငံ ဗိသုကာကောင်စီ
MYANMAR ARCHITECT COUNCIL
228-234, Bogyoke Aung San Road, Yangon, The Republic of the Union of Myanmar.
E-mail : info@mac.org.mm, Web: www.mac.org.mm
Ph : (959) 782 120 543 / (959) 265 465 884

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံဗိသုကာကောင်စီ**
**ဗိသုကာမှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ**
**ကြေညာချက်အမှတ် ( ၄/၂၀၂၄ )**
**၂၀၂၄ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်**

## "လိုင်စင်ဗိသုကာ(License Architect - LA ) လျှောက်လွှာများ ခေါ်ယူခြင်း"

မြန်မာနိုင်ငံဗိသုကာကောင်စီသည် ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလမှ စတင်၍ လိုင်စင်ဗိသုကာ (License Architect – LA) များ ထုတ်ပေးမည်ဖြစ်ပါသောကြောင့် အောက်ပါ အချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာတင်သွင်း လျှောက်ထားနိုင်ပါသည်။

၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။ လက်ရှိ မြန်မာနိုင်ငံတွင် အခြေချနေထိုင်သူဖြစ်ရမည်။

၂။ Registered Architect (RA) ဖြစ်ရမည်။ (RA) သက်တမ်း (၂)နှစ် ပြည့်မီပြီးသူဖြစ်ရမည်။

၃။ RA နှစ်စဉ်ကြေးများကို ၂၀၂၄ ခုနှစ်အထိ သွင်းပြီးဖြစ်ရမည်။ လျှောက်ထားခဲ့သော LA ရရှိခဲ့ပါက (၂၀၂၅+၂၀၂၆) အတွက် သတ်မှတ်ထားသော နှစ်စဉ်ကြေးများကို ဆက်လက်ပေးသွင်းရမည် ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလတွင် Online Form မှ တဆင့် လျှောက်လွှာ တင်သွင်းရမည်ဖြစ်ပါသည်။ Online Form တင်သွင်းရမည့် website Link ကို ထပ်မံကြေညာပေးပါမည်။ ဒီဇင်ဘာလအတွင်း ကြိုတင်၍ လျှောက်လွှာတင်သွင်းလိုသူများ ရှိပါက မြန်မာနိုင်ငံဗိသုကာကောင်စီ ရုံးခန်းသို့ (တနင်္လာ၊ အင်္ဂါ ) နံနက် (၁၀) နာရီမှ နေ့လယ်( ၃) နာရီထိ ရုံးချိန်အတွင်း လျှောက်လွှာ လာရောက်ထုတ်ယူနိုင်ပါသည်။

၅။ LA လျှောက်လွှာတင်သွင်းသည့်အချိန်တွင် Registration Fees – 60000 ကျပ်ကို တစ်ပါတည်း ပေးသွင်းရမည် ဖြစ်ပါသည်။ Myanmar Architect Council- AYA Mobile Banking (200 18803438) သို့ ပေးသွင်းရမည်ဖြစ်ပြီး ငွေသွင်းအထောက်အထား ဖြတ်ပိုင်းပုံ (သို့) screenshot photo များကို online form တင်ရာတွင် ပူးတွဲတင်ပေးရမည် ဖြစ်ပါသည်။

၆။ လျှောက်လွှာများကို ( ၁၉.၁.၂၀၂၅) ရက်နေ့ထက် နောက်မကျစေဘဲ တင်သွင်းရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံဗိသုကာကောင်စီ၏ ဗိသုကာမှတ်ပုံတင်လက်မှတ် စိစစ်ရေး လုပ်ငန်းကော်မတီသည် ဗိသုကာလိုင်စင် အရည်အချင်းစစ် စာမေးပွဲကို အဆင့် (၃)ဆင့်ဖြင့် ပြုလုပ်စစ်ဆေးသွားမည်ဖြစ်သည်။

(၁) လုပ်ငန်းအတွေ့အကြုံနှင့် Project Reference တင်ပြခြင်း

(၂) ရေးဖြေ စာမေးပွဲဖြေဆိုခြင်း

(၃) လူတွေ့ နှုတ်ဖြေ ဖြေဆိုခြင်း တို့ဖြစ်ပါသည်။။

**ပထမအဆင့် လုပ်ငန်းအတွေ့အကြုံနှင့် Project Reference တင်ပြခြင်း**

ဤအဆင့်တွင် မှတ်ပုံတင်ဗိသုကာ (RA) များသည် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံနှင့် လိုင်စင်ဗိသုကာတစ်ဦးတွင် ရှိသင့်သော အရည်အချင်းများကို သတ်မှတ်လျှောက်လွှာနှင့်အတူ ပူးတွဲ တင်ပြရမည်ဖြစ်သည်။

(၁) အနည်းဆုံး Project (၃) နှင့် ပတ်သက်သော အတွေ့အကြုံအထောက်အထား

(က) Project များသည် ပြည်တွင်း၊ ပြည်ပတွင် ဆောက်လုပ်ပြီးစီးသည့် Project များဖြစ်ရပါမည်။

(က-၁) တင်ပြလာသော Project (၃) တွင် မိမိကိုယ်တိုင် ပုံစံထုတ်လုပ်ပြီး ပြီးဆုံးသည်အထိ တာဝန်ခံလုပ်ဆောင်ခဲ့သော Project ဖြစ်လျှင် လူနေအိမ် (Residential- နှစ်ခု) နှင့် (Public Building တစ်ခု ) တင်ပြနိုင်သည်။

(က-၂) Company ၊ ဗိသုကာရုံးများတွင် လုပ်ခဲ့ခြင်းဖြစ်ပါက (Residential တစ်ခု) နှင့် (Public Building) နှစ်ခု တင်ပြနိုင်သည်။

(ခ) အဆောက်အဦ၏ အတွင်းပြုပြင်မွမ်းမံသော Project မဖြစ်ရပါ။

(၂) ထို Project များတွင် ကိုယ်တိုင် ကိုယ်ကျပါဝင်ခဲ့ရကြောင်း ဝန်ခံချက်

(၃) ထို Project များတွင် ဗိသုကာတစ်ဦးအနေနှင့် မည်ကဲ့သို့တာဝန်ယူဆောင်ရွက်ခဲ့ရပုံ အကြောင်းအသေးစိတ်ရှင်းလင်းချက်

**ဒုတိယအဆင့်ရေးဖြေစာမေးပွဲ**

ပထမအဆင့်ကို အောင်မြင်သူများသည် ဒုတိယအဆင့် ရေးဖြေ စာမေးပွဲများကို ဖြေဆိုရမည်။

ရေးဖြေစာမေးပွဲ၊ မေးခွန်းပုံစံများ၊ ကိုးကားစာအုပ်စာရင်းများ၊ စာမေးပွဲနှင့် ပတ်သက်သော အနီးကပ်သင်ကြားပို့ချမှုများ၊ Workshop များကို ပထမအဆင့် အောင်စာရင်း ကြော်ငြာပြီးချိန်တွင် ဆက်လက်ပြုလုပ်ပါမည်။

**တတိယအဆင့် နှုတ်ဖြေစာမေးပွဲ**

ပထမအဆင့်နှင့် ဒုတိယအဆင့်များကို အောင်မြင်စွာ ဖြေဆိုနိုင်သူ ဗိသုကာများသည် နောက်ဆုံးအဆင့်နှုတ်ဖြေစာမေးပွဲများကို မြန်မာနိုင်ငံဗိသုကာကောင်စီမှ တာဝန်ပေးအပ်ထားသော စစ်ဆေးရေး အဖွဲ့ဝင်များထံတွင် ဖြေဆိုရမည်။

အဆင့် ( ၃ ) ဆင့်လုံး အောင်မြင်စွာ ဖြေဆိုနိုင်သူများကို License Architect (LA) လိုင်စင် ထုတ်ပေးမည် ဖြစ်သည်။

၇။ ရေးဖြေစာမေးပွဲ၊ နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည့်နေ့ရက်များကို အသေးစိတ်ထပ်မံ ကြေညာသွားမည်ဖြစ်ပါသည်။

၈။ လိုင်စင်ဗိသုကာ(LA) လျှောက်ထားခြင်းဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးဖုန်း - ၀၉ ၇၉၇ ၄၈၈၄၄၅၊ ၀၉ ၉၈ ၂၂၆၃၁၁၈ ၊ Email- myanmarchitectscouncil@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗိသုကာမှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ**
**မြန်မာနိုင်ငံဗိသုကာကောင်စီ**

စာအမှတ်။ မဗကစ/ ၂၀၂၄ / ကည ( ၀၄ )
ရက်စွဲ ။ ၁၄ ရက် ဒီဇင်ဘာလ ၂၀၂၄ ခုနှစ်
ဖြန့်ဝေခြင်း
မှတ်ပုံတင်ဗိသုကာ(RA)များအားလုံး
MAC Facebook Page
MAC Website
မိတ္တူကို
ရုံးလက်ခံ